## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၂၁)
# လူအများသည်မှားနိုင်မည်လား

လမ်းညွှန် (၁၆) တွင်ကျွန်ုပ်တို့သည် ဥပုသ်နေ့အကြောင်းနှင့်ပတ်သက်၍ အသက်တာအခက်အခဲများကို အောင်မြင်ကျော်လွှားနိုင်ရန် ငြိမ်ဝပ်ခြင်းချမ်းသာတည်းဟူသော ဥပုသ်နေ့အကြောင်းကိုလေ့လာခဲ့ပါသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက်ငြိမ်ဝပ်ခြင်းချမ်းသာလိုကြောင်းသိသည်။ သူသည် (၇) ရက်တွင် (၁) ရက်ကိုငြိမ်ဝပ်ခြင်းချမ်းသာ အတွက်ထားရခြင်းမှာ ဝိညာဉ်ရေးပြန်လည်ရှင်သန်ဖို့ဖြစ်သည်။ ဤကမ္ဘာကြီးကို (၆) ရက်တွင်ဖန်ဆင်းပြီးသည့်နောက်ပိုင်း သတ္တမနေ့ကိုငြိမ်ဝပ်ခြင်းချမ်းသာနေ့အဖြစ်ကောင်းချီးပေးသည်။ သန့်ရှင်းစေသည်။ (ကမ္ဘာ ၂း၁–၃)။

ဘုရားသခင်သည် ပညတ်တော် (၁၀) ပါးကို သူ၏လူ့ဣသရေလလူတို့ကိုပေးခဲ့သည်။ ထိုပေးခဲ့သောပညတ်တော်ထဲတွင် (၄) ပါးတစ်ပါးသည် ဥပုသ်နေ့တည်းဟူသောငြိမ်ဝပ်ခြင်းချမ်းသာကိုစောင့်ရှောက်ရန်ဖြစ်သည် (ထွက်၊ ၂၀း၈–၁၁)။ ပညတ်တော်၏စကားအရ၊ ဥပုသ်နေ့သည် ဖန်ဆင်းရှင်ကိုတန်ခိုးရှိသောပုဂ္ဂိုလ်အဖြစ်သိရန်ဖြစ်သည်။ ထိုနေ့ရက်တွင် ငြိမ်ဝပ်ခြင်းချမ်းသာအချိန်တွင် လောက၏အလုပ်များ၊ ထူးဆန်းနက်နဲသောအရာများ၊ ဖန်ဆင်းခဲ့သောလက်ရာများ၊ ထိုနေ့တွင်ငြိမ်ဝပ်ခြင်းချမ်းသာရရှိနိုင်ရန် ဖန်ဆင်းရှင်ထံတော်သို့လာ၍ ဆည်းကပ်ကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုပိုမိုနက်ရှိုင်းရင်းနှီးလာသောမိတ်သဟာယဖွဲ့မှုကိုပြုရမည်။ ခရစ်တော်သည် ဤလောက၌သက်တော်ထင်ရှားစဉ်က ဥပုသ်နေ့ကိုစောင့်ခဲ့သည် (လုကာ ၁၄း၁၆)။ ၎င်းပြင် ထိုနေ့ကိုငြိမ်ဝပ်ခြင်းချမ်းသာ၏အကျိုးအမြတ်များရရှိစေရန်မှာကြားခဲ့သည် (မာကု ၂း၂၇၊ ၂၈)။ တမန်တော်ရှိကျမ်းချက်အများတို့တွင် ခရစ်တော်၏တမန်တော်များတို့သည်ဥပုသ်နေ့ကိုငြိမ်ဝပ်ခြင်းချမ်းသာနေ့အဖြစ် စောင့်ရှောက်ခဲ့သည်။ ၎င်းအပြင် ထမြောက်ရှင်ပြန်ပြီးသည့်နောက်ပိုင်းတွင်လည်း ဆက်လက်စောင့်ရှောက်သည် (တမန်တော် ၁၃း၁၄။ ၁၆း၁၃။ ၁၇း၂။ “၁၈း၁–၄၊ ၁၁”)။

### ၁။ စိတ်အနှောင့်အယှက်ဖြစ်စေသောမေးခွန်း

ဤသင်ခန်းစာသည် လူအများအတွက်စိတ်အနှောင့်အယှက်ဖြစ်စေသည်။ ခရစ်ယာန်များတို့သည် အချိန်တော်တော်ကြာကြာတွင် ဥပုသ်နေ့ကို (၂) ရက်ထားစောင့်သည်။ တစ်ချက်တွင် ခရစ်ယာန်အများတို့သည် စိတ်သဘောရိုးသားစွာဖြင့် တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ်စောင့်သည်။ ထိုနေ့သည် (၇) ရက်တွင် ပထမနေ့ရက်ဖြစ်သည်။ အများသောခရစ်ယာန်တို့သည် ခရစ်တော်ထမြောက်ခြင်းကိုအောက်မေ့သတိရဖို့ရန်စောင့်သည်။ သို့ရာတွင် ခရစ်ယာန်အများတို့သည် ကျမ်းစာဖော်ပြသောသတ္တမနေ့ရက်ကိုစောင့်သည်။ ကျမ်းစာတွင် ပထမနေ့ရက်သည် ခရစ်တော်ကကောင်းချီးပေးသည်၊ သန့်ရှင်းစေသည်ဟူသောအချက်တစ်ချက်မျှမပါရှိပါ။ ကျွန်ုပ်တို့သည် ဥပုသ်နေ့အဖြစ်စောင့်လိုသည့်နေ့ကိုစောင့်နိုင်

ပါသလား။ စိတ်စေတနာမှန်သောခရစ်ယာန်တို့သည် အမှန်တရားကိုသိသည့်အလျောက် ကိုယ့်ကိုယ်ကိုပြန်၍မေးရန်လိုသည်။ ထိုနေ့ရက်ကိုခရစ်တော်စောင့်ပါသလား။ ကျွန်ုပ်တို့စောင့်ရန် ခရစ်တော်မှာကြားပါသလား။ ဤဥပုသ်နေ့အကြောင်းနှင့်ပတ်သက်သော အရေးကြီးသည့်ဆုံးဖြတ်ချက်ကိုပြတ်ပြတ်သားသားသိရှိနားလည်ရမည်။ မည်သူသည် ဥပုသ်နေ့ကို စနေနေ့မှတနင်္ဂနွေနေ့သို့၊ (၇) ရက်တွင်ပထမနေ့ရက်သို့ပြောင်းရွှေ့ပါသနည်း။ ပြောင်းရွှေ့ရန်ကျမ်းစာက သွန်သင်ထောက်ခံထားပါသလား (သို့တည်းမဟုတ်) ဘုရားသခင်၊ သားတော်ခရစ်တော်ယေရှု (သို့မဟုတ်) တမန်တော်များကပြောင်းရွှေ့ထားပါသလား။ ထိုပြောင်းရွှေ့၊ မပြောင်းရွှေ့မှုများကိုအသေးစိတ်တင်ပြပေးပါမည်။

## ၂။ ဘုရားသခင်သည် ဥပုသ်နေ့ကိုပြောင်းလဲပါသလား

ဘုရားသခင်ထံမှအမိန့်ကြောင့် ဥပုသ်နေ့ကိုပထမနေ့ရက်သို့ပြောင်းရွှေ့ကြောင်းရှိပါသလား။ ခရစ်ယာန်အများစုတို့သည် ပညတ်တော် (၁၀) ပါးကိုမှန်သောလမ်းပြသည့်တရားဟုလက်ခံထားသည်။ ပညတ်တော် (၁၀) ပါးသည် လူသားတို့အတွက်သူကိုယ်တိုင်ရေးထားသောစာသားများဖြစ်သည်။ ထိုပညတ်တော်သည် အလွန်အရေးကြီး၏။ ထိုပညတ်တော် (၁၀) ပါးကို ဘုရားသခင်၏လက်ဖြင့် ကျောက်ပြားပေါ်မှာရေးထားသည် (ထွက် ၃၁း၁၈)။ ပညတ်တော် (၄) ပါးတစ်ပါးသည် ကျွန်ုပ်တို့ကိုသွန်သင်ရန်ဖြစ်ကြောင်းနားလည်ရသည်။ “ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှါ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ ကျွန်ယောကျ်ားမိန်းမ၊ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသောဧည့်သည်သည် အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသခင်သည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာအရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင်ဖန်ဆင်း၍ သတ္တမနေ့ရက်၌ငြိမ်ဝပ်စွာနေတော်မူ၏။ ထို့ကြောင့် ထာဝရဘုရားသခင်သည် သတ္တမနေ့ရက်ကိုကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏” (ထွက် ၂၀း၈–၁၁)။ ဘုရားသခင်သည်ပညတ်တော် (၁၀) ပါးကိုသူ၏လူတို့အားပေးသောအခါ သူသည်လည်းတိကျပြတ်သားစွာ မည်သူမျှစာအရေးအသားကိုမပြုရဟုပညတ်ထားသည်။ “ငါမှာထားသောစကား၌ သင်တို့သည်အသစ်မသွင်းရ။ အလျှင်းမနုတ်မပယ်ရ။ ငါမှာထားသည့်အတိုင်း သင်တို့ဘုရားသခင်ထာဝရဘုရား၏ပညတ်တော်တို့ကိုစောင့်ရှောက်ရကြမည်” (တရား ၄း၂)။ ဘုရားသခင်သည်လည်း မိမိ၏အမိန့်ကိုမပြောင်းလဲရန်မှာကြားထားသည်။ “ငါ၏ပဋိညာဉ်တရားကိုလည်းမရှုတ်ချ။ ငါမိန့်မြွက်သောစကားလည်း ဖောက်ပြန်ခြင်းမရှိရ” (ဆာလံ ၈၉း၃၄)။ ထို့ကြောင့် ကျမ်းစာ၏ရှင်းပြချက်အရ၊ ဘုရားသခင်သည် ဥပုသ်နေ့ကိုသတ္တမနေ့မှ ပထမနေ့သို့မပြောင်းလဲခဲ့ပါ။

## ၃။ ခရစ်တော်သည်ဥပုသ်နေ့ကိုပြောင်းလဲပါသလား

ခရစ်တော်၏စကားအရ၊ ပညတ်တော် (၁၀) ပါးသည်ပြောင်းလဲ၍မရပါ။ “ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကိုဖျက်ပယ်ခြင်းငှါ ငါလာသည်ဟုမထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှါ ငါလာသည်မဟုတ်။ ပြည့်စုံစေခြင်းငှါငါလာသတည်း။ ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့်မြေကြီးမပျက်စီးမီတိုင်အောင် ပညတ္တိကျမ်း၌ အငယ်ဆုံးသောစာလုံးတစ်လုံးမျှပြည့်စုံခြင်းသို့မရောက်မီ မပျက်စီးရ” (မဿဲ ၅း၁၇)။ အညွန်း (၁၆) တွင်ခရစ်တော်၏ထုံးတမ်းစဉ်လာအရ၊ ဥပုသ်နေ့တွင် ဘုရားကျောင်း၌ဝတ်ပြုကိုးကွယ်ကြောင်းတွေ့ရှိရသည် (လုကာ ၁၄း၁၆)။ ခရစ်တော်သည်လည်း မိမိ၏တမန်တော်တို့အား ငြိမ်ဝပ်ခြင်းချမ်းသာရရှိနိုင်ရန်နှင့် ဥပုသ်စောင့်ရန်မှာကြားကြောင်းတွေ့ရှိရသည် (မဿဲ ၂၄း၂၀)။ ထို့ကြောင့် ခရစ်တော်၏သွန်သင်ခြင်းနှင့် ပုံနမူနာထားရှိခဲ့သည့်အတိုင်း ဥပုသ်နေ့၌ငြိမ်ဝပ်ခြင်းချမ်းသာဟုဆိုကာ ဘုရားသခင်နှင့်အတူအသုံးပြုခဲ့သည်။

## ၄။ တမန်တော်များသည် ဥပုသ်နေ့ကိုပြောင်းလဲခဲ့ပါသလား

ယာကုပ်ပထမဆုံးသောခရစ်ယာန်အသင်းတော်၏ဥက္ကဋ္ဌကြီးက ပညတ်တော် (၁၀) ပါးအကြောင်းနှင့် အောက်ပါအတိုင်းမှာကြားခဲ့ပါသည်။ "အဘယ်သို့နည်းဟူမူကား၊ ပညတ်တရားအလုံးစုံကိုစောင့်ရှောက်သည်တွင် တစ်စုံတစ်ခု၌ မှားမိလျှင် ပညတ်တရားအလုံးစုံကိုလွန်ကျူးသောအပြစ်ရှိ၏။ သူ့မယားကိုမပြစ်မှားနှင့်ဟု ပညတ်တော်မူသောသူက လူ့အသက်ကိုမသတ်နှင့်ဟုပညတ်တော်မူသေး၏။ သို့ဖြစ်၍ သင်သည် သူ့မယားကိုမပြစ်မှားဘဲနေသော်လည်း သူ့အသက်ကိုသတ်လျှင် ပညတ်တရားကိုလွန်ကျူးသောသူဖြစ်၏" (ယာကုပ် ၂း၁၀၊ ၁၁)။ ဆရာဝန်ကြီးနှင့်တရားဟောဆရာကြီး လုကာသည် အသင်းတော်တည်စက အောက်ပါအတိုင်းပြန်တမ်းရေးခဲ့ပါသည်။ "ဥပုသ်နေ့၌ ငါတို့သည်မြို့ပြင်သို့ထွက်လျှင် ဆုတောင်းရာဇရပ်ရှိတတ်ရာမြစ်နားသို့သွား၍ထိုင်ပြီးမှ ထိုအရပ်၌စည်းဝေးသောမိန်းမတို့အားဟောကြားကြ၏" (တမန်တော် ၁၆း၁၃)။ ဓမ္မသစ်ကျမ်းနှင့် တမန်တော်ဝတ္ထုစာစောင်တွင် ဥပုသ်နေ့အကြောင်း (၈၄) ကြိမ်တိတိပါရှိ၍ ခရစ်တော်နောက်လိုက်များတို့သည် ထိုနေ့ရက်ကိုဥပုသ်နေ့အဖြစ်စောင့်ရှောက်ကြသည်။ ထိုအချိန်ကာလသည် ခရစ်တော်ကောင်းကင်သို့တက်ကြွပြီးသည့်နောက်ပိုင်း (၁၄) နှစ်ခန့်ကြာခဲ့လေသည်။ ကျမ်းစာ၏မှတ်တမ်းအရ၊ ဥပုသ် (၂) ပတ်အန္တိအုတ်မြို့တွင်ဥပုသ်စောင့်ရှောက်ခဲ့သည် (တမန်တော် ၁၃း၁၄၊ ၄၂၊ ၄၄)။ ဖိလိပ္ပိမြို့တွင်ဥပုသ်စောင့်ခဲ့သည် (တမန်တော် ၁၆း၁၃)။ သက်သာလောနိတ်မြို့တွင်ဥပုသ်စောင့်ခဲ့သည် (တမန်တော် ၁၇း၂၊ ၃)။ ကောရိန်သုမြို့တွင် ဥပုသ်နေ့ရက် (၇၈) ကြိမ်တိတိ "တစ်နှစ်ခွဲ၊ တစ်နှစ်လျှင် ၅၂ ပတ် + နှစ်ဝက်သည် ၂၆ ပတ်စုစုပေါင်း ၇၈ ပတ်" (တမန်တော် ၁၈း၄၊ ၁၁)။ ဗျာဒိတ်ဆရာကြီးယောဟန်သည် တမန်တော် (၁၂) ပါးတွင် နောက်ဆုံးသေဆုံးသောသူသည် ဥပုသ်နေ့ကိုစောင့်ခဲ့သည်။ "သခင်ဘုရားနေ့၌ ဝိညာဉ်တော်ကိုခံရ၍ တံပိုးခရာအသံကဲ့သို့ ငါ့နောက်၌မြည်သောအသံကြီးကိုကြား၏" (ဗျာ၊ ၁း၁၀)။ ခရစ်တော်၏စကားအရ၊ ဘုရားသခင်နေ့ဆိုသည်မှာ ဥပုသ်နေ့ဖြစ်၏။ "လူသားသည် ဥပုသ်နေ့ကိုအစိုးရသည်ဟုမိန့်တော်မူ၏" (မဿဲ ၁၂း၈)။ ကျမ်းစကားများတို့ကိုလေ့လာဖတ်ရှုသောအခါ တမန်တော်တို့သည် ဥပုသ်နေ့ပြောင်းလဲခြင်းမရှိကြောင်းကိုတွေ့သိနားလည်ရပါသည်။ ဓမ္မသစ်ကျမ်းတွင် ပထမနေ့တည်းဟူသောတနင်္ဂနွေနေ့ကို (၈) ကြိမ်တိတိသာဖော်ပြထားသည်။ ထိုကျမ်းချက်များတွင် ပထမနေ့ရက်သည် သန့်ရှင်းကြောင်းနှင့် ဥပုသ်နေ့ဖြစ်သင့်ကြောင်းကိုပင်သွယ်ဝိုက်ကာပြောကြားမှာထားခဲ့ခြင်းမရှိပါ။ ထိုပထမနေ့ရက်အကြောင်းနှင့် အသေးစိတ်လေ့လာသောအခါ ပထမနေ့ရက်သည် အခြားအကြောင်းများကိုသာမှာကြားထားကြောင်း အောက်ပါအဖြစ်အပျက်များအားဖြင့် သက်သေသာဓကများတင်ပြထားပါသည်။

(က) အမျိုးသမီးတို့သည် သင်္ချိုင်းသို့ခုနစ်ရက်တွင် ပထမနေ့ရက်တွင်လာသည် (မဿဲ ၂၈း၁)။

(ခ) ဥပုသ်နေ့ပြီးဆုံးသောအခါ အမျိုးသမီးများတို့သည် ခုနစ်ရက်တွင် ပထမနေ့ရက်၌မိမိလုပ်ငန်းများတို့ကိုအစပြုသည် (မာကု ၁၆း၁၊ ၂)။

(ဂ) ခရစ်တော်သည် ပထမဦးဆုံးမာဂဒလမာရိအား ခုနစ်ရက်အတွင်း ပထမနေ့ရက်၌ မိမိကိုယ်ကိုပြ၏ (မာကု ၁၆း၉)။

(ဃ) ခရစ်တော်၏နောက်လိုက်တို့သည် ခုနစ်ရက်တွင် ပထမနေ့ရက်၌လုပ်နေကျလုပ်ငန်းများကိုအစပြုသည် (လုကာ ၂၄း၁)။

(င) မာရိသည် သင်္ချိုင်းသို့ရောက်သောအခါ သင်္ချိုင်းတွင်ခရစ်တော်ကိုမတွေ့ပါ။ ထိုနေ့သည် ခုနစ်ရက်တွင် ပထမနေ့ရက်ဖြစ်သည် (ယောဟန် ၂၀း၁)။

(စ) တမန်တော်တို့သည် ယုဒလူတို့ကိုကြောက်၍ ခုနစ်ရက်တွင် ပထမနေ့ရက်၌စုရုံးကြသည် (ဘုရားရှိခိုးရန်မဟုတ်ပါ) (ယောဟန် ၂၀း၁၉)။

(ဆ) ပေါလုသည် အသင်းသူအသင်းသားများတို့အား အလှူငွေကောက်ခံရန် ခုနစ်ရက်တွင် ပထမနေ့ရက်၌ ယေရုရှလင်မြို့ရှိ ဆင်းရဲသားများအတွက်ပေးလှူရန်ဖိတ်ခေါ်သည်။ ဤစာသားအရ၊ ဘုရားရှိခိုးရန်ဖိတ်ခေါ်ခြင်းမဟုတ်ပါ (၁ကော ၁၆း၁၊ ၂)။

(ဇ) တမန်တော် ၂၀း၇ တွင်လုကာသည် ပေါလု၏တရားဟောခြင်းအကြောင်းဖော်ပြသောအခါ ထိုနေ့သည် ခုနစ်ရက်တွင်ပထမနေ့ရက်ဖြစ်သည်။ ထိုနေရာတွင် တရားဟောသော်လည်း နှုတ်ဆက်ခြင်းအစည်းအဝေးသာဖြစ်သည်။ ထိုကာလ၌ပေါလုသည် နေ့တိုင်းတရားဟောသည်။ နေ့တိုင်းပွဲတော်ကျင်းပသည် (တမန်တော် ၂း၄၆)။

ဤကျမ်းချက်တစ်ခုစီတွင် တမန်တော်များသည် ခုနစ်ရက်တွင် သတ္တမနေ့ရက်ကိုရပ်ဆိုင်းပစ်ရမည့်အကြောင်း မတွေ့ရပါ။ တမန်တော်တို့သည် ဥပုသ်နေ့မှပထမနေ့ရက်သို့ဝတ်ပြုရန် ကူးပြောင်းကြောင်းမပါရှိပါ။ ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် ဥပုသ်နေ့ပြောင်းလဲကြောင်း ကျမ်းအားဖြင့်အကိုးအကားတစ်ခုမျှမရေးသားခဲ့ပါ။ ခုနစ်ရက်တွင် ပထမနေ့ရက်ဖြစ်သောတနင်္ဂနွေနေ့သို့ ဥပုသ်နေ့အဖြစ်ပြောင်းလဲခြင်းသည် ခရစ်တော်နှင့်တမန်တော်တို့မရှိသည့်နောက်ပိုင်းတွင်သာပြောင်းလဲသောကြောင့် ဘာသာရေးသမိုင်းများတွင်ရှာဖွေလေ့လာရမည်။

## ၅။ တနင်္ဂနွေနေ့ဘယ်ကလာသနည်း

တမန်တော်များတို့သည် အချို့ခရစ်ယာန်များတို့ယုံကြည်ခြင်းအကြောင်းနှင့်လွဲမှားသွားမည့်အကြောင်းတိကျသေချာစွာသတိပေးနိုးဆော်ခဲ့သည်။ ထို့ကြောင့်သတိပြုပါ (တမန်တော် ၂၀း၂၉-၃၁)။ ထိုသတိပေးချက်အတိုင်းလုံလောက်တိကျသောသမိုင်းဆရာကြီးတို့သည် တမန်တော်တို့၏စစ်မှန်ဖြူစင်သောခရစ်ယာန်ယုံကြည်ချက်တို့မှ ပြောင်းလဲသွားမည်အကြောင်းတွေ့ရပါသည်။ မိရိုးဖလာထုံးစံနှင့်မှန်ကန်သောတရားတို့သည် ပေါလု၊ ပေတရုနှင့် အခြားသော ခရစ်ယာန်အသင်းတော်ကြီးကိုတည်ထောင်သောပုဂ္ဂိုလ်များတို့သည် ပထမနေ့ရက် (တနင်္ဂနွေနေ့) ကိုမပြောင်းခဲ့ပါ။ သို့ရာတွင် တဖြည်းဖြည်းတစ်စတစ်စနှင့်သတ္တမနေ့ရက်မှ ပထမနေ့ရက်သို့ဥပုသ်နေ့မှတနင်္ဂနွေနေ့သို့မှားယွင်းစွာလွှဲပြောင်း၍ ဥပုသ်နေ့အဖြစ်သတ်မှတ်ကာ ငြိမ်ဝပ်ခြင်းချမ်းသာအဖြစ် ဥပုသ်စောင့်ခဲ့ပါသည်။ ထို့နောက်တွင် ပထမနေ့ရက်ကိုဥပုသ်နေ့ဟူ၍ သခင်ဘုရားနေ့ဟုသတ်မှတ်လေတော့သည်။ ပထမဆုံးတိကျသေချာသောမှတ်တမ်းတွင် ပထမနေ့ရက်ကိုစောင့်ရှောက်သောခရစ်ယာန်တို့သည် အီတလီပြည်၌အစပြုခဲ့သည်။ ဒုတိယရာစုနှင့်အလယ်လောက်တွင် ထိုကဲ့သို့ အီတလီပြည်၌ ပထမနေ့ရက်ကို ဥပုသ်နေ့အဖြစ်စောင့်ရှောက်ကြောင်းမှတ်တမ်းတင်ထားပါသည်။ သို့ရာတွင် သတ္တမနေ့ရက်နှင့် ပထမနေ့ရက်ကိုများစွာသောခရစ်ယာန်တို့သည် နှစ်ရက်စလုံးစောင့်ခဲ့ရာတွင် ခရစ်ယာန်အတော်များများမှာ သတ္တမနေ့ရက်တည်းဟူသောဥပုသ်နေ့ကိုသာစောင့်ရှောက်ခဲ့သည်။

မတ်လ (၇) ရက်၊ ၃၂၁ ခုအေဒီတွင် ကွန်စတင်တိုင်းဘုရင်မင်းမြတ်သည် တနင်္ဂနွေနေ့တွင်နားနေရန် ပညတ်ထားပါသည်။ ထိုကဲ့သို့ကွန်စတင်တိုင်းဘုရင်သည် တနင်္ဂနွေနေ့ကိုတရားဥပဒေဖြင့်ပညတ်သောကြောင့် ပထမဦးဆုံးတနင်္ဂနွေနေ့တွင်နားနေရန် အစဉ်အလာရှိခဲ့ကြောင်း၊ ထိုမှတစ်ဆင့် အဆင့်ဆင့်သောမင်းတို့သည် ဥပဒေပညတ်များကိုလက်ကိုင်ထုတ်လုပ်ကာ ယနေ့အထိနားနေရာနေ့ဟု တနင်္ဂနွေနေ့ (ခုနစ်ရက်တွင်ပထမနေ့) ကိုတရားဥပဒေအရသတ်မှတ်ကာ ပညတ်ထုတ်ခဲ့ပါသည်။ (၄) ရာစုနှစ်တွင် လီယိုဒီရှာဘာသာရေးအစည်းအဝေးတွင် ခရစ်ယာန်များတို့ကိုဥပုသ်နေ့၌နားနေရန်တားမြစ်ခဲ့ပါသည်။ သို့ရာတွင် ခရစ်ယာန်တို့အား ခုနစ်ရက်တွင်ပထမနေ့ရက်၌ ထိုနေ့ကိုဂုဏ်ပြုရန်နှင့် ခပ်သိမ်းသောလုပ်ငန်းကို တရားဥပဒေအရအမိန့်ထုတ်ပြန်ခဲ့ပါသည်။ သမိုင်း၏သက်သေခံချက်နှင့်မှတ်တမ်းအရ၊ ခုနစ်ရက်တွင် ပထမနေ့ရက်ကိုဝတ်ပြုကိုးကွယ်ရသောနေ့အဖြစ်သတ်မှတ်ခြင်းသည် လူပြုလုပ်သောထုံးတမ်းစဉ်လာဖြစ်သည်။ ကျမ်းစာ၏ဖော်ပြချက်နှင့်သွန်သင်ချက်အရ၊ သတ္တမနေ့ (ခုနစ်ရက်တွင်သတ္တမနေ့) ကိုစွန့်လွှတ်ရန် (ဥပုသ်နေ့

အဖြစ်ဖျက်သိမ်းရန်) မပါရှိခဲ့ပါ။ ပုရောဖက်ဒံယေလ၏အနာဂတ်စကားအရ၊ လိမ်လည်တတ်သောနိုင်ငံရေးတန်ခိုးအာဏာရှိသူတို့သည် ဘုရားသခင်၏ပညတ်တော်ကိုပြောင်းလဲမည်ဖြစ်ကြောင်း ဖေါ်ပြထားသည် (ဒံယေလ ၇း၂၅)။

## ၆။ အဘယ်သူဥပုသ်နေ့ကိုပြောင်းလဲပါသနည်း

ဥပုသ်နေ့ကိုတရားဝင်သတ္တမနေ့ရက်မှ ပထမနေ့ရက်သို့အဘယ်သူပြောင်းလဲပါသနည်း။ ကက်သလစ်အသင်းတော်သည် မိမိပြောင်းလဲကြောင်းဝန်ခံခဲ့ပါသည်။ ပျက်စီးယိုယွင်းလျက်ရှိသောရောမနိုင်ငံကြီးကိုအဖတ်ဆယ်ရန် ဘာသာရေးခေါင်းဆောင်ကြီးများတို့သည် သတ္တမနေ့ရက်မှ ပထမနေ့ရက်သို့ ဘုရားဝတ်ပြုကိုးကွယ်သောနေ့ရက်အဖြစ် လွှဲပြောင်းကိုးကွယ်ခဲ့ပါသည်။

မေး။ မည်သည့်နေ့သည် ဥပုသ်နေ့ဖြစ်ပါသနည်း။
ဖြေ။ စနေနေ့သည်ဥပုသ်နေ့ဖြစ်ပါသည်။

မေး။ ကျွန်ုပ်တို့သည် စနေနေ့အစား တနင်္ဂနွေနေ့ကိုဘာကြောင့်စောင့်ရသနည်း။
ဖြေ။ တနင်္ဂနွေနေ့ကိုစောင့်ရသောအကြောင်းရင်းမှာ ကက်သလစ်အသင်းတော်သည် သန့်ရှင်းသောစနေနေ့မှ တနင်္ဂနွေနေ့သို့ပြောင်းလဲလိုက်ပါသည်။ (Peter Geiermann The Convert's Catechism of Catholic Doctrine (1957 edition), p. 50) စာအုပ်ညွှန်းရန်။

ကက်သလစ်အသင်းတော်သည် လူဖြစ်သောအသင်းတော်ခေါင်းဆောင်များက တနင်္ဂနွေနေ့သို့ပြောင်းလဲလိုက်သည်။ သန့်ရှင်းသောနေ့၊ ဥပုသ်နေ့ကိုစနေနေ့မှ တနင်္ဂနွေနေ့သို့ပြောင်းလဲလိုက်သည်။ ဤကဲ့သို့ပြောင်းလဲရခြင်းမှာ ကျမ်းစာမှအညွှန်း၊ အမိန့်တစ်စုံတစ်ခုမျှမရှိပါ။ သို့ရာတွင် အသင်းတော်၏အာဏာတန်ခိုးဖြင့်ပြောင်းလဲလိုက်သည်။ ကျမ်းစာအရ၊ ခုနစ်ရက်တွင်သတ္တမနေ့ရက်ကို ဥပုသ်နေ့အဖြစ်စောင့်လိုလျှင်၊ သတ္တမနေ့အသင်းသားဖြစ်လျှင် ထိုနေ့ကိုသန့်ရှင်းသောနေ့အဖြစ်ကျမ်းစာအရစောင့်နိုင်သည်။

## ၇။ အချို့သောခရစ်ယာန်တို့သည် တနင်္ဂနွေနေ့ကိုစောင့်ရခြင်းအကြောင်း မည်ကဲ့သို့ဆင်ခြင်ပေးသနည်း

အခြားခရစ်ယာန်များတို့သည် သတ္တမနေ့ရက်ကို ပထမနေ့ရက်သို့ ဥပုသ်နေ့အဖြစ်ပြောင်းလဲခြင်းသည် ကျမ်းစာတွင်ဖေါ်ပြခြင်းမရှိကြောင်း၊ အများသဘောတူကြသည်။ မာတင်လုသာ၊ လုသရင်းအသင်းတော်ကိုတည်ထောင်ခဲ့သောပုဂ္ဂိုလ်ကြီးသည် ရောမကက်သလစ်အသင်းတော်သည် ဥပုသ်နေ့ကို တနင်္ဂနွေနေ့သို့ပြောင်းလဲကြောင်းတင်ပြထားသည်။ တနင်္ဂနွေနေ့ကို သခင်ဘုရားနေ့ဟုခေါ်ဆိုခြင်းသည် ပညတ်တော်နှင့်ခြားနားနေကြောင်း၊ ၎င်းပြင် ဥပုသ်နေ့ကိုပြောင်းလဲနိုင်ကြောင်း ဝါကြွားခြင်းသည်နှိုင်းယှဉ်ရန်ပုံနမူနာမရှိပါ။ ကျွန်ုပ်တို့၏အသင်းတော်သည် အလွန်ပင်ခွန်အားတန်ခိုးနှင့်အာဏာရှိကြောင်း၊ ၎င်းပြင် ပညတ်တော် (၁၀) ပါးတွင် ပညတ်တော်တစ်ပါးကိုထုတ်ပစ်နိုင်ကြောင်းဟုရေးသားထားသည်။ မက်သဒစ်ကျမ်းတတ်ဆရာကြီးဖြစ်သောအာမုတ်ဘင်နီနှင့် ဒင်နရယ်စတီးတို့၏လေ့လာချက်အရ ကလေးနှစ်ခြင်းပေးခြင်းသည် ကျမ်းစာတွင်အမိန့်မထုတ်ပြန်ပါ။ (Theological Compend (New York: Methodist Book Concern, 1902), pp. 180, 181)။ ၎င်းပြင် ခုနစ်ရက်တွင် ပထမနေ့ရက်ကို သခင်ဘုရားနေ့ဟု ဥပုသ်နေ့အဖြစ်စောင့်ရှောက် ခြင်းသည် ကျမ်းစာတွင်မရှိခဲ့ပါ။ ဒေါက်တာဆမ်မာဘဲ "ခရစ်တော်၏တပည့်တော်" သမိုင်းဆရာကြီးသည် အောက်ပါ အတိုင်းရေးသားခဲ့ပါသည်။ ရောမအသင်းတော်သည် လုံးလုံးကြီးဖေါက်ပြန်သောအသင်းတော်ဖြစ်သည်။ စတုတ္ထပညတ် ကိုဥပုသ်နေ့အဖြစ်သတ်မှတ်ထားသည်ကို ခုနစ်ရက်တွင် ပထမရက်သို့သန့်ရှင်းသောနေ့ရက်အဖြစ် ဥပုသ်စောင့်ရန် ပြုလုပ်ခဲ့ပါသည်။ (A True History of the Christian and the Christian Church, pp. 417, 418. )။

## ၈။ အကြောင်းရင်းတစ်ရပ်အမှန်သည် မည်သည့်အရာဖြစ်သနည်း

ဤမေးခွန်းကို ကျွန်ုပ်တို့တစ်ဦးစီရင်ဆိုင်ရမည်ဖြစ်သည်။ ဘာကြောင့် ခရစ်ယာန်အများတို့သည် ကျမ်းစာ၏ ညွှန်ပြချက်မရှိဘဲ တနင်္ဂနွေနေ့ကို ဥပုသ်နေ့အဖြစ်စောင့်ရပါသနည်း။ သာ၍အရေးကြီးသောအချက်မှာ ဘယ်နေ့ရက်ကို ကျွန်ုပ်တို့ဥပုသ်နေ့အဖြစ်စောင့်ရမည်နည်း။ "ကျွန်ုပ်တို့သည် ခုနစ်ရက်တွင် ဤနှစ်ရက်ကိုဥပုသ်နေ့အဖြစ် တစ်ရက်ရက် စောင့်လျှင် ခုနစ်ရက်တွင်တစ်ရက်စောင့်သည်။ ထိုနှစ်ရက်တွင် တစ်ရက်ရက်စောင့်ခြင်းဖြင့် ခြားနားမှုမရှိပါ။"

အရေးကြီးသောအကြောင်းရင်းတစ်ရပ်မှာ ခရစ်တော်၏အမိန့်နားထောင်ခြင်းသာဖြစ်သည်။ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်သည် ဥပုသ်နေ့ကို အခြားနေ့များမှသီးသန့်ခွဲခြားကာ သန့်ရှင်းသောနေ့အဖြစ် မိသားစုများနှင့်တကွ ဘုရားသခင်ကို လာရောက်၍မိတ်သဟာယဖွဲ့ရမည်။ ဘယ်သူကိုနားထောင်ရမည်နည်း။ ဘုရားသခင်၏သားတော်ယေရှုကို (သို့မဟုတ်) လူများတို့၏ထုံးတမ်းစဉ်လာကိုနားထောင်ရမည်လော။ ဒံယေလ၏သတိပေးချက်မှာ အချိန်နှင့်ပညတ်ကိုပြောင်းလဲမည့် အကြောင်း (ဒံယေလ ၇း၂၅) ဖော်ပြထားသည်။ ဘုရားသခင်သည် သူရွေးကောက်သောသူတို့ကိုနားထောင်ခြင်းရှိရန် တောင်းဆိုထားသည်။ ဥပုသ်နေ့ကိုစောင့်ခြင်းဖြင့် သစ္စာရှိကြောင်းနှင့်မေတ္တာရှိကြောင်း လက္ခဏာသက်သေသူ့ရှေ့တွင် ပြကြောင်းဖြစ်သည်။ ခရစ်တော်၏မိန့်မှာချက်မှာ ငါ့ကိုချစ်လျှင် ငါအမိန့်ပေးသည်ကိုနားထောင်မည်ဟု (ယောဟန် ၁၄း၁၅) ဖော်ပြထားသည်။ လူသည် အချိန်တန်သောအခါ သူ့ကိုချစ်၍ သူ့ပညတ်ကိုစောင့်သောသူတို့အား ကတိတော် ပေးခဲ့သည် (ယောဟန် ၁၅း၉–၁၁)။ ကျွန်ုပ်တို့၌ကယ်တင်ရှင်ရှိသည်။ သူသည် မိမိ၏မေတ္တာကိုပြည့်စုံစွာသိရှိနားလည်ရန် ပေးထားသည်။ နှလုံးသားတွင်လည်း နားထောင်ခြင်းရှိရန်၊ နှလုံးသားတံခါးကိုဖွင့်ပေးရန်အလိုရှိသည်။ ဂေသရှေမန် ဥယျာဉ်တွင် ခရစ်တော်သည် ဘုရားသခင်၏အလိုတော်ကိုလက်ခံ၍ မိမိကိုယ်ကိုဘုရားသခင်အားအပ်နှံခဲ့သည်။ ခရစ်တော် သည်လက်ဝါးကပ်တိုင်နှင့် အပြစ်ကမ္ဘာကြီးကိုရင်ဆိုင်ရသော်လည်း စိတ်ဓါတ်ကျခြင်းမရှိဘဲ အလွန်ကြီးမားသောကိုးစား ခြင်းကိုပြကာ (မာကု ၁၄း၃၆) "ကျွန်ုပ်၏အလိုမဟုတ်ပါ။ ကိုယ်တော်၏အလိုသာဖြစ်ပါစေ" ခရစ်တော်သည် ထိုကဲ့သို့ သောဗဟုသုတရရန် ကြာမြင့်စွာစောင့်မျှော်ခဲ့ပါသည်။ ပေးအပ်ခြင်းအသက်တာသည် မည်ကဲ့သို့ဖြစ်မည်ကိုမသိသော် လည်း ယုံကြည်ကိုးစားခြင်းဖြင့် ဘုရားသခင်ကိုအပ်နှံခဲ့ပါသည်။ ဘုရားသခင်သည် သူ့ကိုကိုးစားရန်၊ နားထောင် ခြင်းအထိကျင့်စောင့်ရန်လိုလားပါသည်။ သူသည်လည်း ဥပုသ်နေ့၏ဝမ်းမြောက်ခြင်းကိုလိုလားရန်ဆန္ဒရှိပါသည်။ သင်သည် ဘုရားသခင်၏ခေါ်သံကိုကြားလျှင် တောင်းဆိုသောပညတ်တော်စောင့်ရှောက်မှုအားလုံးကိုကတိထားသောစကားမှာ ငါသည် သင်တို့အထဲတွင်ရှိမည်။ သင်၏ဝမ်းမြောက်ခြင်းသည် ခရစ်တော်၌စုံလင်ပြည့်စုံခြင်းရှိမည် (ယောဟန် ၁၅း၁၁)။

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၂၁) အဖြေလွှာ
## လူအများသည်မှားနိုင်မည်လား

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

၁၊၂။ သိနာတောင်၌ ဘုရားသခင်သည် ပညတ်တော် (၁၀) ပါးကိုပေးသောအခါ ပညတ်တော်လေးပါးတစ်ပါးကို တစ်ပတ်တွင်ငြိမ်ဝပ်ခြင်းချမ်းသာအနေဖြင့် ဘုရားဝတ်ပြုကိုးကွယ်စောင့်ရှောက်ရန်ရေးသားခဲ့သည်။
------ ခြောက်ရက်တစ်ရက် (သောကြာနေ့) ဥပုသ်နေ့အဖြစ်စောင့်ရန်။
------ ခုနစ်ရက်တစ်ရက် (စနေနေ့) ဥပုသ်နေ့အဖြစ်စောင့်ရန်။
------ ခုနစ်ရက်တွင်ပထမနေ့ (တနင်္ဂနွေနေ့) ဥပုသ်နေ့အဖြစ်စောင့်ရန်။

ဘုရားသခင်သည် သူ၏ပညတ်တော်ကိုပြောင်းလဲမည်ဟုပြောပြသည်။
------ တစ်ခါတစ်ရံ။ ------ ဘယ်တော့မှမပြောင်းလဲပါ။ ------ ကျွန်ုပ်တို့ပြောင်းခိုင်းသောအခါ။

၃။ ခရစ်တော်၏ပြောပြချက်အရ၊ ပညတ်တော်သည်၊
------ မည်သည့်ပညတ်မျှမပြောင်းရ။ အငယ်ဆုံးသောစာလုံးဗိန္ဒုပါဝင်သည်။
------ အသင်းတော်၏အာဏာအမိန့်ဖြင့်ပြောင်းနိုင်သည်။
ခရစ်တော်၏ထုံးစံအရ၊ ဥပုသ်နေ့၌၊
------ ဘုရားကျောင်းတွင်ဝတ်ပြုကိုးကွယ်သည်။
------ သူ၏လက်သမားရုံ၌အလုပ်လုပ်သည်။

၄။ ဓမ္မသစ်ကျမ်းရှိတမန်တော်ဝတ္ထုတွင် တမန်တော်တို့သည် ဥပုသ်စောင့်သည်။
------ (၈၄) ကြိမ်ဥပုသ်စောင့်သည်။
------ (၈၄) ကြိမ်တနင်္ဂနွေနေ့၌ဥပုသ်စောင့်သည်။
ခရစ်တော်၏မှာကြားချက်အရ၊
------ ဥပုသ်နေ့ဖြစ်သည်။
------ ခုနစ်ရက်တွင်ပထမနေ့ရက်ဖြစ်သည်။

၅။ ခုနစ်ရက်တွင် ဥပုသ်နေ့အဖြစ် စနေနေ့စောင့်ခြင်းကို ခုနစ်ရက်တွင် ပထမနေ့ဖြစ်သောတနင်္ဂနွေနေ့သို့ ဘုရားဝတ်ပြုကိုးကွယ်ရန်ပြောင်းလဲလိုက်သည်။
------ တမန်တော်အချိန်ပြီးသွားသည့်နောက်ပိုင်း။
------ တမန်တော်တစ်ပါးကပြောင်းလဲလိုက်သည်။

မှန်သောစာကြောင်းရှေ့တွင် ကြက်ခြေခတ် **(x)** ပေးပါ။

------ ပထမနေ့ရက်ဖြစ်သောတနင်္ဂနွေနေ့ကို ခရစ်တော်၏ထမြောက်ခြင်းအတွက်ဂုဏ်ပြုရန် ငြိမ်ဝပ်ခြင်းချမ်းသာနေ့အဖြစ် ကျမ်းစာတွင်မှာကြားခြင်းမရှိပါ။

------ ကျမ်းစာနှင့်သမိုင်းအထောက်အထားများဖြင့်ပြသသောတနင်္ဂနွေနေ့သည် ခုနစ်ရက်တွင် ပထမ နေ့နှင့်ဥပုသ်နေ့နှင့် ဥပုသ်နေ့ခုနစ်ရက်တွင် သတ္တမနေ့စနေနေ့တို့သည်အမြဲတည်ရှိနေမည်။

၆၊၇။ ------ ရောမဘုရင်ဂိုဏ်းအသင်းတော်၏အထောက်အထားများနှင့် အခြားခရစ်ယာန်အဖွဲ့အစည်းခေါင်းဆောင် များတို့သဘောထားတူညီသည်။

ပြဿနာတစ်ခုမှာ–

------ ဘယ်သူကိုကျွန်ုပ်နားထောင်ရမည်နည်း။ ခရစ်တော် (သို့မဟုတ်) လူ၏သွန်သင်ချက်ကိုနားထောင် ရမည်လား။

------ ခရစ်တော်ကိုချစ်သောသူတို့၏ဆန္ဒသည် ခရစ်တော်စောင့်သောဥပုသ်နေ့ကိုစောင့်မည်ဖြစ်သည်။

သင်၏ဆန္ဒနှင့်အသင့်လျော်ဆုံးသောစာကြောင်းကွက်လပ်ရှေ့တွင်ကြက်ခြေခတ် **(x)** ပေးပါ။

------ ကျွန်ုပ်သည် ကယ်တင်ရှင်သခင်ကိုချစ်သောကြောင့် သူ၏နောက်တော်သို့လိုက်ရန်နှင့် ခိုင်းစေ သောအရာများကိုပြုလုပ်ပါမည်။

------ ခရစ်တော်ကိုချစ်သောလက္ခဏာအဖြစ် ကျွန်ုပ်၏အသက်တာကို သူ့အားလုံးလုံးအပ်ရန် ဆန္ဒရှိသည့် အပြင် ယခုမှစ၍ သတ္တမနေ့ကိုဥပုသ်နေ့အဖြစ်စ၍စောင့်ရှောက်ပါမည်။

ကျွန်ုပ်တို့သည် ဥပုသ်နေ့ကိုစောင့်၍ အခက်အခဲများနှင့်ရင်ဆိုင်ရသောအခါ ကျေးဇူးပြု၍ ကျွန်ုပ်အတွက် ဆုတောင်းပေးပါ။ ဆုတောင်းပေးရန်လိုသောအချက်များမှာ–

---------------------------------------------------------------------------

---------------------------------------------------------------------------

---------------------------------------------------------------------------

–၀–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**-----------------------------------

**နယ်**---------------------------------

**ကိုးကွယ်သည့်ဘာသာ**--------------------